ကာကွယ်ရေးဝန်ကြီးဌာန

စစ်ရေးသတင်းအကျဉ်းချုပ်

Date -10/4/2022

စစ်ကောင်စီနှင့်တိုက်ပွဲဖြစ်ပွားမှု

ကရင်ပြည်နယ်

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၀)ရက်နေ့၊ KNU-ကရင်အမျိုးသားအစည်းအရုံး တပ်မဟာ (၆) နယ်မြေ၊ လေးကေ့ကော်ဒေသရှိ ရပ်ကွက်များ၌ နယ်မြေခံ ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော်-KNLA ပူးပေါင်း တပ်ဖွဲ့များနှင့် စကစတပ်တို့ တိုက်ပွဲပြင်းထန်စွာ ဖြစ်ပွားလျက်ရှိသည်။

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၀)ရက်နေ့၊ ကော်ဘရာစစ်ကြောင်းဦးစီးသည့် KNLA ပူးပေါင်းတပ်ဖွဲ့မှ ဦးဆောင်၍ CDM တပ်မတော်သားအချို့နှင့် စကစတပ်သားများ တိုက်ပွဲဖြစ်ပွားပြီး စကစဘက်မှ ကျဆုံးအရေအတွက်များခဲ့ကာ တပ်မ(၄၄) မှ ဗိုလ်ကြီးအဆင့်ရှိသူတစ်ဦးကို ဖမ်းမိခဲ့ပြီး လက်နက်ခဲယမ်းများ သိမ်းဆည်းရမိသည်။

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၀)ရက်နေ့၊ ကရင်ပြည်နယ်၊ လေးကေ့ကော်ဒေသ KNU တပ်မဟာ ၆ ထိန်းချုပ်နယ်မြေအတွင်းသို့ စစ်ကြောင်းထိုးလာသည့် စကစတပ်ကို ကော်ဘရာစစ်ကြောင်းနှင့် အတူလာရောက်ပူးပေါင်းခဲ့သည့် စကစတပ် ခမရ ၅၈၅မှ CDMဝင်လာသူ ဗိုလ်မှူးတင်လင်းအောင်နှင့် တပ်မ၇၇မှ ဗိုလ်ကြီး ၁ဦးတို့ ဦးစီး၍ ၈၁ မမ လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်လျက်ရှိကြောင်း သတင်းရရှိသည်။

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၀)ရက်နေ့၊ စကစတပ်မှ လက်နက်ကြီး၊ တိုက်လေယာဉ်၊ ရဟတ်ယာဉ်တို့နှင့် ပစ်ခတ်မှုများကြောင့် လေးကေ့ကော်မြို့သစ်အတွင်းရှိ ပြည်သူပိုင် နေအိမ်များ ပျက်စီးခဲ့ပြီး တစ်နေ့လုံး စကစတပ်သားများနှင့် ကော်ဘရာစစ်ကြောင်းတို့ ထိတွေ့တိုက်ပွဲပြင်းထန်လျက်ရှိသည်။

ကရင်နီ(ကယား)ပြည်နယ်

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၉)ရက်နေ့၊ ကရင်နီ(ကယား)ပြည်နယ်၊ ဖရူဆိုမြို့နယ်၊ ဒေါသြေးခူနှင့် ထီးကလူဒေါ ကျေးရွာကြား၌ စစ်ကြောင်းထိုးလာသော စကစတပ်များကို KNDF/B-15 မှ ချုံခိုတိုက်ခိုက်ခဲ့ရာ စကစ ဘက်မှ (၁၀) ဦး သေဆုံးခဲ့ပြီး ထိခိုက်ဒဏ်ရာရသူများရှိကြောင်း သိရသည်။

စစ်ကိုင်းတိုင်း

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၉)ရက်နေ့၊ စစ်ကိုင်းတိုင်း၊ ချောင်းဦးမြို့နယ်၊ ကံကြီးကုန်းကျေးရွာအနီး၌ စကစ တပ်သား (၆) ဦးအား Chaung U Local Defence Force (CHULDF) ၊ MGN 35 ပြောက်ကျားတပ်ဖွဲ့၊ The Value of Young Men ၊ Myaung Fighter Defense Force ၊ မဟာမိတ်အဖွဲ့များမှ မိုင်းကွင်းအတွင်းသို့ ၄၀ မမ (၃)လုံး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့ရာ မိုင်းကွင်းအတွင်းသို့ စကစ တပ်သားများ ရောက်ချိန်၌ မိုင်းဆွဲခဲ့သဖြင့် စကစ တပ်သား (၆)ဦး သေဆုံးခဲ့သည်။

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၀)ရက်နေ့၊ စစ်ကိုင်းတိုင်း၊ ကလေးမြို့နယ်၊ ကလေးမြို့၊ တာဟန်း ရပ်ကွက်၊ စကစ ဂိတ်အပါအဝင် ကင်းလှည့်နေသည့် စကစ ကားများကို ကလေးခရိုင် PDF တပ်ရင်းမှ လက်နက်ငယ်များဖြင့် ပြောက်ကျားဝင်ရောက်တိုက်ခိုက်ခဲ့ရာ စကစ တပ်သား (၂) ဦးသေဆုံးခဲ့သည်။

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၀)ရက်နေ့ စစ်ကိုင်းတိုင်း၊ ကလေးမြို့နယ်၊ ကလေးမြို့တောင်ပိုင်း၊ ဟဲလုပ်ကျေးရွာနှင့် ရန်ကြီးအောင်ကျေးရွာအနီးသို့ ရောက်ရှိသည့် စကစ တပ်သားများကို ကလေးမြို့နယ်ပကဖ၊ ကလေး ခရိုင် PDF တပ်ရင်းတို့ ပူးပေါင်း၍ ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ရာ စကစ တပ်သား (၄) ဦး သေဆုံးခဲ့သည်။

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၉)ရက်နေ့၊ စစ်ကိုင်းတိုင်း၊ ဝန်းသိုမြို့နယ်၊ နမ်းခမ်းကျေးရွာအနီးတွင် စကစ တပ်သားများ နှင့် ကသာခရိုင်PDFတပ်ရင်းတို့ ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ရာ ဗိုလ် ၁ ဦး နှင့် စကစ တပ်သား (၁၁) ဦး သေဆုံးခဲ့ပြီး PDF မှ (၅)ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

မကွေးတိုင်း

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၀)ရက်နေ့၊ မကွေးတိုင်း၊ မြိုင်မြို့နယ်၊ ကျောက်ခွက်ရေနံမြေစခန်း၌ စခန်းချထားသည့် လမ်းသွားလမ်းလာပြည်သူများနှင့် ဆီကားများထံမှ ပိုက်ဆံ၊ ရိက္ခာ ပစ္စည်းတောင်းယူနေသည့် စကစ တပ်သားများအား မြိုင်မြို့နယ် ပြည်သူ့ကာကွယ်ရေး တပ်မတော်မှ မိုင်း ၄ လုံးဖြင့် မိုင်းဆွဲတိုက်ခိုက်ခဲ့ရာ စကစဘက်မှ ၅ ဦးထက်မနည်း ဒဏ်ရာရရှိခဲ့သည်။

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၉)ရက်နေ့၊ မကွေးတိုင်း၊ ပခုက္ကူမြို့နယ်၊ ကိုင်းစံပြကျေးရွာမှပြန်လာသည့် စကစ တပ်သားနှင့်ပျူစောထီးများ ပါလာသည့်ကားအား ပခုက္ကူ PDF မှ ပဒေသာမိုင်းဆွဲ တိုက်ခိုက်ခဲ့ရာ စကစဘက်မှ ၆ ဦး သေဆုံးခဲ့ပြီး တိုက်ခိုက်မှုကို သံမဏိသိမ်းငှက် (မြိုင်)၊ Earthquake people's defence force (UG) နှင့် Young Force (UG) တို့မှပူပေါင်း ဆောင်ရွက်ခဲ့သည်။

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၇)ရက်နေ့ မှ (၉)ရက်နေ့ထိ မကွေးတိုင်း၊ ပေါက်မြို့နယ်တောင်ပိုင်း၊ တပ်ကုန်းရွာအနီး ယောချောင်းတစ်နေရာ၌ SPGF ပေါက်တောင်ပိုင်းပြောက်ကျားတပ်ဖွဲ့၊ အခြားမဟာမိတ် ပူးပေါင်း အဖွဲ့များသည် ပင်တောင်-တပ်ကုန်းနှင့် ရွာသစ်ပြည်သူ့စစ် အမည်ခံ ပျူစောထီးအဖွဲ့များ၊ စကစ တပ်သား နှင့် စကစလက်အောက်ခံ ရဲပူးပေါင်းအဖွဲ့များနှင့် သုံးရက်ခန့် တိုက်ပွဲ ဖြစ်ပွားခဲ့ပြီး SPGF ဘက်မှ လက်နက်ကြီးပေါက်ကွဲဒဏ်ကြောင့် ၃ ဦး (မစိုးရိမ်ရ) ဒဏ်ရာရခဲ့ကာ ပျူစောထီး အနည်းဆုံး ၇ ဦးခန့် သေဆုံးခဲ့ပြီး စကစ ဘက်မှအများအပြား ဒဏ်ရာရသွားသည်။

စစ်ကောင်စီကျူးလွန်သော ရာဇဝတ်မှုများ

စစ်ကိုင်းတိုင်း

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၀)ရက်နေ့၊ စစ်ကိုင်းတိုင်း၊ ကလေးမြို့နယ်၊ အောင်ချမ်းသာကျေးရွာ၊ ကျေးရွာစာသင်ကျောင်းအတွင်းရှိ ဆရာ၊ ဆရာမများ၏ အဆောင်ကို စကစ တပ်သားများက မီးရှို့ခဲ့သည်။

ပဲခူးတိုင်း

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၉)ရက်နေ့၊ ပဲခူးတိုင်းအနောက်ခြမ်း၊ ပေါင်းတည်မြို့နယ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် ရပ်/ကျေးပါတီ ဥက္ကဋ္ဌ၏ နေအိမ်များကို စကစမှ ချိတ်ပိတ်ခဲ့သည်။ အုတ်ဖို ၂ ရပ်ကွက်၊ မှတ်တိုင်လမ်းတွင်ရှိသည့် ပြည်သူ့လွှတ်တော်အမတ် ဦးအေးမင်းအောင်(ခ)ကိုမင်းမင်း နေအိမ်နှင့် ဟသ်ာကန်ရပ်ကွက်၊ တာပွန်လမ်းမှ ဦးကျော်ကျော်လွင် ၏ နေအိမ်များလည်း ချိတ်ပိတ်ခံခဲ့ရသည်။

မကွေးတိုင်း

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၉)ရက်နေ့၊ မကွေးတိုင်း၊ ပေါက်မြို့နယ်တောင်ပိုင်း၊ ကင်းမကျေးရွာအုပ်စု၊ ဒိန်ကွင်းကျေးရွာအား စကစမှ မီးရှို့ခဲ့ကြောင်း သိရသည်။

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၀)ရက်နေ့၊ မကွေးတိုင်း၊ ရေစကြိုမြို့နယ်၊ ရေစကြိုမြို့ပေါ် ဈေးအနီး၌ ဈေးလာဝယ်သည့်နယ်မှ အမျိုးသမီးငယ် (၂) ဦးကို စကစမှ စစ်ဆေးမေးမြန်းစရာ ရှိသည်ဟု ဆိုကာ အကြောင်းမဲ့ ဖမ်းဆီးခေါ်ဆောင်သွားသည်။

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၀)ရက်နေ့ မကွေးတိုင်း၊ ရေစကြိုမြို့နယ် ငါးလန်ကျေးရွာ၊ မြစ်ကြောင်းတလျှောက်၌ စကစ အားကိုးဖြင့် ပျူစောထီးများက သေနတ်များဖြင့် ရမ်းကားသောင်းကျန်းနေခဲ့ပြီး ပြည်သူများမှ စိုးရိမ်ထိတ်လန့်နေကြရကာ အပြစ်မဲ့ပြည်သူများကိုလည်း ဖမ်းဆီးနှိပ်စက်ခြင်းများ ကျူးလွန်နေကြကြောင်း သိရသည်။

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၉)ရက်နေ့ မကွေးတိုင်း၊ ရေစကြိုမြို့နယ်၊ ငါးလန်ရွာ၌ သီးနှံအရောင်း/အဝယ် ပြုလုပ်နေသော စက်လှေတစ်စီးပေါ်မှ အပြစ်မဲ့လူငယ် (၂) ဦးကို စကစမှ ဖမ်းဆီးပြီး ရိုက်နှက်နှိပ်စက်ခဲ့ပြီး ကြိုးတုပ်၍ရေထဲသို့ ကန်ချခဲ့ကြောင်း သိရသည်။ စကစ တပ်သားနှင့်ပျူစောထီးများသည် စက်လှေတစ်စီးဖြင့် မြစ်ကမ်း၌လှည့်ပတ်သွားလာနေပြီး အင်အား (၂၀) ဝန်းကျင်ရှိကြောင်း၊ မြစ်ကြောင်းတလျှောက်ရှိ စက်လှေများ၊ ဖောင်များထံမှ၊ တောင်းရမ်းလုယူနေကြပြီး ဖမ်းဆီး ရိုက်နှက် နှိပ်စက်ခြင်းများလည်း ပြုလုပ်နေကြောင်း သိရသည်။

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၀)ရက်နေ့ မကွေးတိုင်း၊ ရေစကြိုမြို့နယ်၊ ရွာသာကျေးရွာအတွင်းသို့ စကစ တပ်သားနှင့် ပျူစောထီးများ ဝင်ရောက်သောင်းကျန်းနေကြောင်း၊ သေနတ်များ ပစ်ဖောက်နေသောကြောင့် ရွာသူရွာသားများ ထွက်ပြေးနေကြရသည်။

မန္တလေးတိုင်း

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၉)ရက်နေ့ မန္တလေးတိုင်း၊ ချမ်းမြသာစည်မြို့နယ်ရှိ အားကစားကွင်းဘေးမှ ဆိုင်ခန်း (၁၅၂) ခန်းအား စကစများက မြေငှားရမ်းခကောက်ခံမှုကို (၁.၄.၂၀၂၂) ရက်မှစတင်၍ ရပ်ဆိုင်းလိုက်ပြီး ဆိုင်ခန်းများအား ဖယ်ရှားရန်ပြင်ဆင်နေကြောင်းနှင့် ပြီးခဲ့သည့် ရက်ပိုင်းအတွင်းမှလည်း ချမ်းအေးသာစံမြို့နယ်၊ ဗထူးအားကစား ကွင်းပတ်လည်မှ ဆိုင်ခန်းများကိုလည်း ဖယ်ရှားခိုင်းနေခဲ့ကြောင်း သိရသည်။

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၉)ရက်နေ့ မန္တလေးတိုင်း၊ မလှိုင်မြို့နယ်ရှိ တောင်ရိုးတဲကျေးရွာနှင့် လယ်ဗျားကျေးရွာ တို့အား စကစများမှ PDF များအား ထောက်ခံသည်ဟုဆို၍ ခရိုင်အဆင့်မှ ဦးစီး၍ဝင်ရောက်ဖမ်းဆီးခြင်းများပြုလုပ်ခဲ့ကြောင်းနှင့် ပြည်သူပိုင်နေအိမ် တစ်ချို့ကိုလည်း စကစများက ချိတ်ပိတ်သွားခဲ့ပြီး ပြည်သူ ၈ ဦးကို ဖမ်းဆီးသွားခဲ့ကြောင်း သိရသည်။

ရှမ်းပြည်နယ်

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၉)ရက်နေ့ ရှမ်းပြည်နယ်၊ ပင်းတယမြို့နယ်မြောက်ပိုင်း၊ တောင်ရွှေပုထိုး ကျေးရွာရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ပြည်နယ်အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းနိုင်၏နေအိမ်နှင့် ညီမဖြစ်သူ၏နေအိမ် ၂ လုံး ချိတ်ပိတ်ခံရကြောင်း သိရသည်။

ရောဝတီတိုင်း

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၉)ရက်နေ့၊ ရောဝတီတိုင်း၊ ကြံခင်းမြို့နယ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ မြို့နယ်အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးစိုးမြင့် အဖမ်းခံခဲ့ရကြောင်း သိရသည်။

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၀)ရက်နေ့၊ ရောဝတီတိုင်း၊ ကျုံပျော်မြို့နယ်၊ ရွာ:ခဲကျေးရွာမှ ဘုရင်ဂျီကျောင်းကို စကစများ ဝင်စီးခဲ့ပြီး ကျောင်းထိုင်ဆရာတော်နှင့် လက်ထောက်ဘုန်းကြီးအပါအဝင် (၁၅) ဦးကို ဖမ်းဆီးသွားခဲ့ကြောင်း သိရသည်။